အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများ၏အသံနှင့်အမည်များကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။ဗျည်းများ၏အသံနှင့်အမည်များမေးမြန်းခြင်း (၁၅ မိနစ်)**

- ဆရာက သ၊ လ၊ ယ၊ ဟ၊ စ၊ ဓ ဗျည်းကတ်ပြားများကို ကလေးတစ်ဦးချင်းစီ လာရောက်၍တစ်ခုစီယူပါစေ။
- မိမိရရှိထားသော ဗျည်းကတ်ပြား၏ အမည်နှင့်အသံကိုပြောပြပါစေ။ (ကလေးများကို ကျပန်းမေးပါ။)မှန်လျှင်လက်ခုပ်တီးပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အက္ခရာများကို ပိုမိုမှတ်မိပြီးကစားတတ်ရန်။

လုပ်ငန်းစဉ်။ **။အက္ခရာကတ်များ လှည့်ကစားခြင်း (၁၅ မိနစ်)**

- ဆရာက သင်ကြားခဲ့ပြီးသော ဗျည်းအက္ခရာများကို အသုံးပြု၍ အက္ခရာကတ်များ လှည့်ကစားနည်းကို ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"A to J"အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A to J"**အက္ခရာ(၁၀)လုံးကို "ဟိုမှာတွေ့ပြီတစ်ပတ်ပတ်ပြေး"ကစားနည်းကစားခြင်း (၁၅ မိနစ်)**

- "A to J" ထိ အက္ခရာတစ်လုံးစီ ရေးထားသော ကတ်ပြားများကို ကလေးများအားဝေပေးပါ။
- "Are you Sleeping"သီချင်းအလိုက်ဖြင့် အောက်ပါအတိုင်း သီဆိုပါ။
- ဘယ်ရောက်နေလဲ၊ ဘယ်ရောက်နေလဲ
- A ကလေးရယ်၊ A ကလေးရယ်(Aကတ်ပြားရသောကလေးက မြှောက်ပြရမည်။)
- ဟောဟိုမှာကွယ်တွေ့ပြီ၊ ဟောဟိုမှာကွယ်တွေ့ပြီ
- တစ်ပတ် ပတ်ပြေး၊ တစ်ပတ်ပတ်ပြေး (A ကတ်ပြားရသောကလေး ပြေးပါစေ။)
- ထိုနည်းအတိုင်း A နေရာတွင် အခြားအက္ခရာကို အစားထိုး၍ ဆက်ကစားပါစေ။
- (ငယ်သောကလေးများဖြစ်၍ အက္ခရာများကို အစီအစဉ်လိုက်သာ အစားထိုး သီဆိုပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။"W,X "အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "W,X "**အက္ခရာများကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဈေးရောင်းသူ၊ ဈေးဝယ်သူအဖြစ်ပြောဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **ဈေးရောင်းတမ်းကစားခြင်း (မိနစ် ၃၀)**

- ကလေးများအားအဝတ်အထည်ပုံ၊ စားစရာပုံများအသုံးပြု၍ ဈေးရောင်းတမ်း ကစားပါစေ။ (ဈေးရောင်းသူနှင့် ညှိနှိုင်းပြီးပြေလည်စွာဆက်ဆံ၍ ဈေးဝယ်ရန်ပြောပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။(၈) ကိန်းကိုရေးတတ်ရန်။

လုပ်ငန်းစဉ်(၁)။ **။လေထဲတွင်ရေးခြင်း (၁၀ မိနစ်)**

- ဆရာက (၈)ကိန်းကိုလေထဲတွင် ရေးပြပါ။
- ကလေးများက လိုက်ရေးပါစေ။

လုပ်ငန်းစဉ်(၂)။ ။ **(၈) ကိန်းရေးခြင်း (၁၀ မိနစ်)**

- ဆရာက (၈) ကိန်းကို သင်ပုန်းတွင်ရေးပြပါ။

DREBOX

- ဆရာက ကလေးတစ်ဦးစီ၏ စာအုပ်တွင် (၈) ကိန်းကိုရေးပြပြီး ကလေးကဆက်၍ ရေးပါစေ။

**ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်း (၁၀ မိနစ်)**

**ဆရာကအမှတ်စဉ်ဆို၍ သွေးပူလေ့ကျင့်ခန်းတစ်ခုပြုလုပ်ပြပါ။**

- ကလေးများအား မတ်တတ်ရပ်စေပြီး လက် ၂ ဖက်အပေါ် မြှောက်ခြင်း၊ ပြန်ချခြင်းကို အမှတ်စဉ်ဆို၍ ပြုလုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဈေးသွားကြမယ်" ကဗျာကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- "ဈေးသွားကြမယ်" ကဗျာကို ဆရာက တိုင်ပေးပါ။
- ကလေးများ အမူအရာဖြင့် ရွတ်ဆိုပါစေ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများ၏ အသံနှင့်အမည်များရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်းများ၏ အသံနှင့်အမည် ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ဆရာက သင်ခဲ့ပြီးသော ဗျည်းအက္ခရာကတ်ပြားများကိုရောထားပါ။
- ကလေးများအား ကျပန်းအမည်ခေါ်၍ အက္ခရာကတ်ပြားတစ်ခုပေးပါ။
- မိမိရရှိထားသောဗျည်းကတ်ပြား၏အမည်ကိုရွတ်ဆိုပါစေ။
- အခြားကလေးများအားမှန်/မမှန်မေး၍တစ်တန်းလုံးရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းများ၏ အသံနှင့်အမည် ရွတ်ဆိုသင်ကြားနည်းအတိုင်း ပြုလုပ်ပါ။
- "ခ"ဗျည်း၏ အမည်သည် "ခခွေး"ဖြစ်သည်။
- "ခ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်နည်းအတိုင်းသင်ပါ။
- ဥပမာ- ခရမ်းသီး၊ ခဝဲသီး၊ ခရု၊ ခရမ်းချဉ်သီး

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်းကို ကူးရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းများကူးရေးခြင်း လုပ်ငန်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများကို မှတ်မိပြီး ပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ်။ **။ကျောပေါ်တွင်အက္ခရာရေးကစားနည်းကစားခြင်း (၁၅ မိနစ်)**

ဆရာကသင်ကြားပြီးသောဗျည်းအက္ခရာများကိုအသုံးပြု၍ကျောပေါ်တွင် အက္ခရာရေးကစားနည်းကိုကစားပါ။

- **ကျောပေါ်တွင် အက္ခရာရေးကစားနည်း**

ဆရာက ကလေးတစ်ဦး၏ နောက်ကျောပေါ်တွင် ဗျည်းအက္ခရာကို လက်ညှိုးဖြင့် ရေးပါ။ ကလေးများအား ဆရာရေးသော အက္ခရာကိုပြောနိုင်မှု ရှိ/မရှိ မေးကြည့်ပါ။ ထိုအက္ခရာကိုပင် အခြားကလေးတစ်ဦး၏ကျောပေါ်တွင် ရေးပြီးမေးကြည့်ပါ။ ထို့နောက် ကလေးအချင်းချင်း တစ်ဦးကျောမှာ တစ်ဦးက အက္ခရာရေးပြီး ပြန်မေးခိုင်းပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **နှစ်သက်ရာ ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ရွတ်ဆိုပြီးသော အင်္ဂလိပ်ကဗျာများမှ ကလေးများ ရွတ်ဆိုလိုသော ကဗျာများကို အမူအရာဖြင့် စိတ်ကြိုက်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "Y"အက္ခရာ၏ အမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Y"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်ပြီး သရုပ်ဆောင်ပြတတ်ရန်။

လုပ်ငန်းစဉ် (၁)။ **။ပုံပြင်ပြောခြင်း (မိနစ် ၂၀)**

- ဆရာက "ဈေး"ပုံပြင်ကို ပြောပြပါ။
- ပုံပြင်ပြော၍မပြီးမီ "ရုံးခန်းမှာသူ့ကိုစိတ်ဆိုးပြီး တိုင်မယ်ဆိုတဲ့အဒေါ်ကြီးကို တွေ့တယ်" ဟု ပြောပြီးချိန်တွင် အောက်ပါမေးခွန်းကိုမေးပါ။
- ဦးမောင်ကြီးဘာလုပ်မယ်ထင်သလဲ။
- ကလေးတို့သာဆိုလျှင် ဘာလုပ်မလဲ။ (ကလေးများဖြေချင်သလိုဖြေပါစေ။)
- ထို့နောက်ပုံပြင်ကို ဆက်၍ပြောပြပါ။

လုပ်ငန်းစဉ်(၂)။ ။ **သရုပ်ဆောင်ခြင်း (၁၀ မိနစ်)**

- ကလေးများအား ပုံပြင်ထဲမှ ဦးမောင်ကြီးကဲ့သို့ သရုပ်ဆောင်ပြောဆိုကြပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။(၉)ကိန်းရေးတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ **။ရေတွက်ခြင်း (၁၀ မိနစ်)**

- ဆရာက စာအုပ်(၉)အုပ်ကိုယူ၍ တစ်အုပ်၊ နှစ်အုပ်စသည်ဖြင့် (၉)အထိ ရေတွက်ပြပါ။
- ကလေးများအား အုပ်စုလိုက်ထွက်၍ စာအုပ်များကို (၁) မှ (၉) အထိ ရေတွက်ပါစေ။

လုပ်ငန်းစဉ်(၂) ။ **။လေထဲတွင်ရေးခြင်း (၁၀ မိနစ်)**

- ဆရာက(၉)ကိန်းကို လေထဲတွင် ရေးပြပါ။
- ကလေးများက လိုက်၍ရေးပါစေ။

လုပ်ငန်းစဉ်(၃) ။ **။ကိန်းရေးခြင်း (၁၀ မိနစ်)**

- ဆရာက(၉)ကိန်းကို သင်ပုန်းတွင် ရေးပြပါ။

DBE BOX

- ဆရာက ကလေးတစ်ဦးစီ၏ စာအုပ်တွင် (၉)ကိန်းကိုရေးပြပြီး ကလေးက ဆက်၍ ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"၁၊ ၂ စာကိုချစ်"ကဗျာကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဆရာက " ၁၊ ၂ စာကိုချစ်" ကဗျာကိုရွတ်ဆိုပြပါ။

**၁၊ ၂ စာကိုချစ်**

တစ်နှစ်၊ စာကိုချစ်
သုံးလေး၊ မသိတာမေး
ငါးခြောက်၊ နှစ်ချင်းပေါက်
ခုနစ်၊ရှစ်၊ တပည့်ချစ်
ကိုးတစ်ဆယ်၊ကြိုးစားမယ်။

- ဆရာက တိုင်ပေးပြီး ကလေးများ လိုက်ဆိုပါစေ။
- ကလေးများအားလုံးအမူအရာဖြင့် ရွတ်ဆိုပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများ၏ အသံနှင့်အမည်များ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်းများ၏ အသံနှင့်အမည်များရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသည့်အတိုင်း သင်ကြားပြီးသော ဗျည်းများ၏ အသံနှင့်အမည်များ ရွတ်ဆိုခြင်းကို ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်းကို အသံထွက် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော "ခ"ဗျည်းကဗျာကို ကလေးများအမူအရာဖြင့် ပြန်လည်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်း၏အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- "ခ"ဗျည်း၏ အသံနှင့်အမည်ကို ကလေးတစ်ဦးချင်းစီ ပြန်လည်ရွတ်ဆိုပါစေ။
- "ခ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း
- သင်ကြားပြီးသော"ခ"ဗျည်းအက္ခရာပါသောစာလုံးများကိုပြန်လည်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်းများကို ကူးရေးခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော ဗျည်းများကူးရေးခြင်းနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ မျဉ်းစောင်းနှင့် မျဉ်းကွေးများ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ **မျဉ်းစောင်းနှင့် မျဉ်းကွေးများ ရေးဆွဲခြင်း(၁၅ မိနစ်)**

- ယခင် သင်ပြီးသည့် မျဉ်းစောင်း၊ မျဉ်းကွေးများအတိုင်း သင်ကြားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"Y" အက္ခရာ၏ အမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"Y"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အစားအစာများသည် စိုက်ပျိုးခြင်း၊ မွေးမြူခြင်းမှရရှိနိုင်ကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ **။မေးခွန်းမေး၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ဆရာကအောက်ပါမေးခွန်းများမေး၍ဆွေးနွေးပါ။
- စိုက်ပျိုးတယ်ဆိုတာ ဘာကိုခေါ်တာလဲ။
- မွေးမြူတယ်ဆိုတာရော ဘာကို ခေါ်တာလဲ။ (ကလေးများသိသလောက်ဖြေပါစေ)
- ချဉ်ပေါင်ရွက်၊ မုန်ညင်းရွက်၊ စတဲ့ဟင်းရွက်တွေက ဘယ်က နေရတာလဲ။
- ကြက်သား၊ ဝက်သားတွေက ဘယ်ကနေရတာလဲ။ (ကလေးများက အရွက်များသည် အပင်မှရသည်၊ အသားများသည် တိရစ္ဆာန်မှရသည်ဟု ဖြေသည်အထိ မေးပါ။)
- ထို့နောက်ဆရာက စား၍ရသောအသီးအရွက်များသည် အပင်များကို စိုက်ပျိုးခြင်းမှ ရသည်၊ အသားများသည် တိရစ္ဆာန်များကို မွေးမြူရာမှ ရရှိသည်ကို ရှင်းပြပါ။

လုပ်ငန်းစဉ်(၂)။ **။စိုက်ပျိုးခြင်းနှင့် မွေးမြူခြင်းကိုခွဲခြားခြင်း (မိနစ် ၂၀)**

- ဆရာက အောက်ပါပေးထားသော အသီးအရွက်၊ အသားငါးများကိုတစ်ခုစီရွတ်ဆိုပြပြီး ကလေးများအား စိုက်ပျိုးခြင်း၊ မွေးမြူခြင်းစသည်ဖြင့် ခွဲခြားပြောပါစေ။
- ကြက်သား၊ ငါး၊ ချဉ်ပေါင်ရွက်၊ ဘူးသီး၊ ဝက်သား၊ ခရမ်းသီး၊ သရက်သီး၊ အမဲသား၊ ဆိတ်သား၊ မုန်ညင်းရွက်၊ ဂေါ်ဖီပန်း။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဈေးတွင်ရနိုင်သော အသီးအနှံများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **မေးခွန်းမေး၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ဆရာကအောက်ပါမေးခွန်းများကိုမေးပါ။
- ဈေးမှာဘာအသီးတွေရောင်းလဲ။
- ချိုတဲ့အသီးတွေက ဘာတွေလဲ။
- ချဉ်တဲ့အသီးတွေက ဘာတွေလဲ။

လုပ်ငန်းစဉ်(၂) ။ **။ပုံဆွဲခြင်း (မိနစ် ၂၀)**

- ကလေးများအား မိမိတို့ကြိုက်နှစ်သက်သော အသီးပုံများကို ဆွဲပါစေ။
- အရောင်ခြယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ကောက်ညှင်းပေါင်း"ကဗျာကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဆရာက "ကောက်ညှင်းပေါင်း" ကဗျာကို ရွတ်ဆိုပြပါ။
- ကလေးများအမှုအရာဖြင့်ရွတ်ဆိုပါစေ။

**"ကောက်ညှင်းပေါင်း"**

ဗကာက်ညှင်းပေါင်းလေး၊ ပူပူနွေး
နှမ်းထောင်းနဲ့ မွှေးမွှေး။
အုန်းသီးဖွေးဖွေး ထည့်ရင်ကွယ်
သားသား ကြိုက်ပါတယ်။
ကောက်ညှင်းပေါင်းသည် မမလေး
များများထည့်ပါ မနှေး။
တို့ဈေးလေးရဲ့ အရှေ့မှာ
မမရောင်းတဲ့ခါ၊
ဈေးဆိုင်ပြင်လို့ တောင်းကိုချ
သားသားစားမယ်ဗျ။

DBE Box

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို နားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ **။ပုံပြင်ဖတ်ခြင်း (၁၅ မိနစ်)**

- ဆရာက "တိုင်းရင်းသားအလှစုပေါင်းက"ပုံပြင်ကို သင်ကြားခဲ့ပြီးသောပုံပြင်များဖတ်နည်းအတိုင်းပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဆ" ဗျည်းကို အသံထွက် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဆ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းများအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဆ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဆ"ဗျည်း၏ အသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းများ အသံနှင့် အမည်ရွတ်ဆိုသင်ကြားနည်းအတိုင်း ပြုလုပ်ပါ။
- "ဆ"ဗျည်း၏အမည်မှာ "ဆလိမ်"ဖြစ်ပါသည်။
- "ဆ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်နည်းအတိုင်း သင်ပါ။
- ဥပမာ- ဆရာ၊ ဆရာဝန်၊ ဆလတ်ရွက်

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဆ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။ "ဆ"ဗျည်းကိုကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းများကူးရေးခြင်း လုပ်ငန်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"Z" အက္ခရာ၏ အမည်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Z"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "One,Two" **သီချင်းကဗျာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကဗျာ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဈေးတွင်ရရှိနိုင်သော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်တို့ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ **။မေးခွန်းမေး၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ဆရာက မေးခွန်းများမေး၍ဆွေးနွေးပါ။
- ဈေးမှာ ဘာအသား၊ ငါးတွေရောင်းလဲ။
- ဈေးမှာ ဘာအသီးအရွက်တွေရောင်းလဲ။
- အသား၊ ငါးတွေကိုဘယ်လိုရောင်းသလဲ။ (ချိန်ခွင်ဖြင့်ရောင်း၊ ပုံ၍ရောင်း)
- အသီးအရွက်တွေကို ဘယ်လိုလုပ်ရောင်းလဲ။ (အစည်း စည်း၍ရောင်း၊ ပုံ၍ရောင်း၊ ချိန်ခွင်ဖြင့်ရောင်း)

DBE BOX

လုပ်ငန်းစဉ်(၂) ။ ။**ပုံဆွဲခြင်း (မိနစ် ၂၀)**

- ဆရာက ကလေးများအား အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ပုံများကို စိတ်ကြိုက် ရေးဆွဲပါစေ။
- အရောင်ခြယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။(၁၀) ကိန်းရေးတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ကိန်းကတ်ပြားများသုံး၍ ဖတ်ခြင်း (၁၀ မိနစ်)**

- ဆရာက (၁) မှ (၁၀) အထိ ကိန်းကတ်ပြားများထောင်ပြပြီး ဖတ်ပြပါ။
- ကလေးများက လိုက်၍ရွတ်ဖတ်ပါစေ။
- ဆရာက ကတ်ပြား (၁)ခုစီကိုထောင်ပြပြီး ကလေး (၁) ဦးစီအား မေးပါ။

လုပ်ငန်းစဉ်(၂) ။ ။ **လေထဲတွင် ရေးခြင်း (၁၀ မိနစ်)**

- ဆရာက (၁၀)ကိန်းကို လေထဲတွင် ရေးပြပါ။ ကလေးများလိုက်၍လေထဲတွင် ရေးပါစေ။
- ဆရာက (၁) မှ(၁၀)ထိကိန်းများကို လေထဲတွင်ရေးပြပြီး ကလေးများအား မည်သည့်ကိန်းဖြစ်သည်ကိုမေးပါ။

လုပ်ငန်းစဉ်(၃) ။ ။ **(၁၀)ကိန်းရေးခြင်း (၁၀ မိနစ်)**

- ဆရာက ၁၀ ကိန်းကို သင်ပုန်းတွင်ရေးပြပါ။ ကလေးများလိုက်၍ ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ကြက်ခြံကလေး"ကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဆရာက "ကြက်ခြံကလေး"ကဗျာကိုရွတ်ဆိုပြပါ။

**"ကြက်ခြံကလေး"**

**ရွှေကြက်ဖကြီးတွန်သံသာ**
**နံနက်မိုးသောက်ခါ၊**
**ကြက်မကြီးမှာအိပ်နေတုန်း**
**နိုးလိုက်ပါဦး။**
**ကြက်ကလေးတွေနိုးတဲ့ခါ**
**ကျိုကျိုအော်သံသာ၊**
**တို့ခြံထဲမှာ ကြည့်ပါဦး**
**မိသားတစ်စုလုံး။**

- ကလေးများအားလိုက်၍ရွတ်ဆိုပါစေ။
- ကလေးများအားအမူအရာဖြင့် ရွတ်ဆိုပါစေ။

**ကြာသပတေး**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဆ" ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဆ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ဆရာရွတ်ဆိုပြီးသော "ဆ"ဗျည်းကဗျာကို ကလေးများ အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဆ"ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဆ"ဗျည်း၏အသံနှင့် အမည်ကိုရွတ်ဆိုခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော "ဆ"ဗျည်းအသံနှင့်အမည်ကို ကလေးတစ်ဦးချင်းအား ပြန်လည်ရွတ်ဆိုပါစေ။

DBE BOX

**"ဆ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော **"ဆ"**ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းပါ စာလုံးများကို ကလေးတစ်ဦးချင်းပြန်လည်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဆ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဆ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော "ဆ"ဗျည်းကို ကူးရေးခြင်းနည်းကို ပြန်လည်ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ **။ပုံပြင်ကို နားထောင်တတ်ရန်။**

လုပ်ငန်းစဉ်။ **။ပုံပြင်ဖတ်ခြင်း (၁၅ မိနစ်)**

- ဆရာက"တိုင်းရင်းသားအလှစုပေါင်းက"ပုံပြင်ကိုပြန်လည်ဖတ်ပြပါ။ ကလေးများ သေချာစွာနားထောင်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "Z'' အက္ခရာ၏ အမည်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"Z''**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ **သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။"A,B,C,D'' **သီချင်းကဗျာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကဗျာ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ **။ဈေးတွင်ရောင်းချသော အသားငါး၊ ဟင်းသီးဟင်းရွက်များ ရောင်းဝယ်ပုံကို ပြောပြတတ်ရန်။**

လုပ်ငန်းစဉ်(၁)။ **။ဈေးဝယ်ရန် ငွေစက္ကူများပြုလုပ်ခြင်း (၁၀ မိနစ်)**

- ဆရာက စာရွက်ပိုင်းလေးများဖြတ်ပြီး ဈေးဝယ်ရန် ငွေစက္ကူများပြုလုပ်ပါ။
- ဈေးဝယ်သူ ကလေးများကိုဝေပေးပါ။

လုပ်ငန်းစဉ်(၂)။ **။ဈေးရောင်းတမ်းကစားခြင်း (မိနစ် ၂၀)**

- အသားငါးဆိုင်၊ ဟင်းသီးဟင်းရွက်ဆိုင်၊ အဝတ်အထည်ဆိုင်စသည်ဖြင့် ဆိုင်ခင်း၍ဈေးရောင်းတမ်းကစားပါစေ။(အသားငါး၊ ဟင်းသီးဟင်းရွက်၊ အဝတ်အထည်ပုံများအသုံးပြု၍ကစားပါစေ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ဈေးတွင်ရောင်းချသော ပစ္စည်းများကို အမျိုးအစားခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။ **မေးခွန်းမေး၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ဆရာက အောက်ပါမေးခွန်းများမေး၍ ဆွေးနွေးပါ။
- ဈေးမှာ ဘာအဝတ်အထည်တွေရောင်းလဲ။
- ဈေးမှာ ဘာစားစရာ(မုန့်)တွေရောင်းလဲ။
- ဈေးမှာဘာကစားစရာတွေ ရောင်းလဲ။

လုပ်ငန်းစဉ်(၂)။ ။ **အမျိုးအစားခွဲခြင်း (မိနစ် ၂၀)**

- ဆရာက သင်ပုန်းတွင် ရှပ်အင်္ကျီ၊ ဂါဝန်၊ ဘောင်းဘီ၊ စကတ်၊ မုန့်ဟင်းခါး၊ ဘိန်းမုန့်၊ ဗကာက်ညှင်းပေါင်း၊ မော်တော်ကား၊ လူရုပ်၊ ဖိုးဝရုပ် ....စသည်ဖြင့်ပုံများ ရေးဆွဲထားပါ။

- ဆရာက ရုပ်ပုံတစ်ခုချင်းကို ထောက်ပြပြီး စားစရာ၊ အဝတ်အထည်၊ ကစားစရာ စသည်ဖြင့် ခွဲခြားခိုင်းပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ကောက်ညှင်းပေါင်း"ကဗျာကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဆရာကသီဆိုပြီးသော "ကောက်ညှင်းပေါင်း"ကဗျာကို ရွတ်ဆိုပြပါ။
- ကလေးများအားလိုက်၍ရွတ်ဆိုပါစေ။
- ကလေးများအမှုအရာဖြင့် ရွတ်ဆိုပါစေ။

သောကြာ

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို အမူအရာဖြင့် ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တိုင်းရင်းသားအလှစုပေါင်းက"ပုံပြင်ကို ပြန်ပြောစေခြင်း (မိနစ် ၂၀)**

- သင်ကြားခဲ့ပြီးသော ပုံပြင်များအတိုင်း ကလေးများအား ပုံပြင်ပြန်ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများ၏ အသံနှင့်အမည်များရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်းများ၏အသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားခဲ့ပြီးသည့်အတိုင်း သင်ကြားပြီးသော ဗျည်းများ၏ အသံနှင့်အမည်များကို ကျပန်းမေး၍ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများကို ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်းများကို ခွဲခြားစေခြင်း (မိနစ် ၂၀)**

- ဆရာက သင်ကြားပြီးသော ဗျည်းများမှ ဗျည်းတစ်ခုကို ရွတ်ဆိုပြလျှင် ကလေးများက ရှာ၍ ဝိုင်းစေသောနည်းကို ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **နှစ်သက်ရာကဗျာရွတ်ဆိုခြင်း(၁၀ မိနစ်)**

- ရွတ်ဆိုပြီးသော အင်္ဂလိပ်ကဗျာများမှ ကလေးများ ရွတ်ဆိုလိုသော ကဗျာကို အမူအရာဖြင့် စိတ်ကြိုက်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "A to Z"အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"A to Z"ကတ်ပြားများဖြင့် အုပ်စုဖွဲ့၍ ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ကလေးများအား အုပ်စု(၂)စုဖွဲ့ပါ။
- ကလေး(၁)အုပ်စုအား ABCD သီချင်းဆိုရန်ပြောပါ။
- အခြားကလေး (၁)အုပ်စုအား "A to Z"တစ်လုံးစီရေးထားသော အင်္ဂလိပ်အက္ခရာကတ်ပြားများကို လူစေ့အောင် ဝေပေးပါ။
- အုပ်စု(၁)စုမှ "A,B,C,D"သီချင်းကိုဆိုနေစဉ် ကတ်ပြားရရှိထားသော အုပ်စုမှ မိမိတို့ရရှိထားသော အက္ခရာကို ထောင်ပြပါစေ။ (ဥပမာ- A ဟုဆိုစဉ် A အက္ခရာ ကတ်ပြားရရှိသူက ထောင်ပြပါ။)
- အုပ်စုကို တစ်လှည့်စီပြောင်း၍ ပြုလုပ်ပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ဈေးတွင်ရောင်းသောကစားစရာများကို ပုံဆွဲ၊ ဖြတ်၊ ညှပ်၊ ကပ် ပြုလုပ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ဖြတ်၊ ညှပ်၊ ကပ်ပြုလုပ်ခြင်း (မိနစ် ၃၀)**

- ဆရာကဈေးတွင်ရောင်းသော ကစားစရာများကိုမေးမြန်းပါ။
- ကလေးများအား မိမိနှစ်သက်သောကစားစရာများ၏ပုံကိုဆွဲပါစေ။
- ဆွဲထားသောပုံကိုညှပ်ပါ။
- ရောင်စုံစက္ကူများကို အပိုင်းငယ်လေးများညှပ်၍ ပုံတွင် ကပ်ပါစေ။ (မြန်မာ့ရိုးရာကစားစရာပုံများပါအောင် ရေးဆွဲပါစေ။)
- ဆရာကသင်ပုန်းပေါ်တွင်စာရွက်ကြီးတစ်ရွက်ကပ်ပြီး ကလေးများ ညှပ်ထားသော ပုံများကိုလာ၍ကပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁ မှ ၁၀၊ ၁၀ မှ ၁ နောက်ပြန်ရေတွက်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **၁ မှ ၁၀ ထိကိန်းများပြန်ရေးခြင်း (၁၀ မိနစ်)**

- ဆရာက ၁ မှ ၁၀ ထိကိန်းများရေးပြပါ။
- ကလေးများအားကူးရေးပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **နောက်ပြန်ရေတွက်ခြင်း (၁၀ မိနစ်)**

- ဆရာက ၁ မှ ၁၀ အထိ ရွတ်ဆိုစေပြီး ၁၀ မှ ၁ သို့ နောက်ပြန် ပြန်လည်ရွတ်ဆိုပြပါ။
- ကလေးများအားနောက်ပြန်ရေတွက်ခြင်းကိုရွတ်ဆိုပါစေ။

လုပ်ငန်းစဉ်(၃) ။ ။ **ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- "ပန်းကလေး ၁၀ ပွင့်"ကဗျာကို ဆရာက ရွတ်ဆိုပြပါ။

**"ပန်းကလေး ၁၀ ပွင့်"**

ပန်း ၁ ပွင့်၊ ပန်း ၂ ပွင့်၊ ပန်း ၃ ပွင့် ပါ
ပန်း ၄ ပွင့်၊ ပန်း ၅ ပွင့်၊ ပန်း ၆ ပွင့် ပါ
ပန်း ၇ ပွင့်၊ ပန်း ၈ ပွင့်၊ ပန်း ၉ ပွင့် ပါ
ပန်းကလေး ၁၀ ပွင့်ပါ။

- ကလေးများအမူအရာဖြင့်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိမြင်ဖူးသောဈေးပုံကိုတည်ဆောက်ကစားတတ်ရန်။

လုပ်ငန်းစဉ်။ ။**တည်ဆောက်ကစားခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအားအုပ်စုဖွဲ့ပေးပါ။
- ထို့နောက်ကျောင်းတွင်ရှိသော စက္ကူဘူး၊ ဖော့ချိတ်ဆက်များ၊ အတုံးလေးများဖြင့် မိမိတို့မြင်ဖူးသော ဈေးပုံကိုတည်ဆောက်ကစားပါစေ။